




နိုဝင်ဘာလ ၂၃ ရက်နေ့၊ ၂၀၂၂ခုနှစ်။

# စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အတွင်းရှိ မုံလှကျေးရွာနှင့် မြင်းဒေါင်းကျေးရွာတို့ လေကြောင်း၊ ကြည်းကြောင်းဖြင့် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့် ဖြစ်စဉ်။

# ပြစ်မှုကျူးလွန်သူ

တပ်မ (၃၃)

## ကျူးလွန်ခံရသူများ

### အတည်ပြုနိုင်ခဲ့သော သေဆုံးသူများ

၁. မောင်ဖွဲထက်မြင့် (၉ နှစ်)
၂. မောင်ရဲရင့်အောင် (၁၄ နှစ်)
၃. မောင်ဖိုးစည်အောင် (၁၇ နှစ်)
၄. ကိုဝိုင်းချစ် (၁၈ နှစ်)
၅. ကိုတိုးတိုး (၂၁ နှစ်)
၆. ကိုချစ်ထူး (၂၂ နှစ်)
၇. ကိုအနိုင် (၂၃ နှစ်)
၈. ကိုအောင်အောင်ဦး (၂၃ နှစ်)
၉. ကိုလှိုင်ဝင်း (၂၄ နှစ်)
၁၀. ကိုရဲ (၂၅ နှစ်)
၁၁. ကိုထွန်းထွန်းဝင်း (၂၇ နှစ်)
၁၂. ကိုနေစိုး (၃၃ နှစ်)
၁၃. ကိုကုလားကြီး (၃၅ နှစ်)
၁၄. ကိုဖိုးတောက် (၃၅ နှစ်)
၁၅. ဦးဇော် (၄၅ နှစ်)
၁၆. ဒေါ်မြ (၅၂ နှစ်)
၁၇. ဦးတင်ဝင်းမြင့် (၅၅ နှစ်)

### ဖမ်းဆီးခံရပြီး ပြန်လည်လွတ်မြောက်လာသူများ

၁. ကိုသက်လှိုင်ကျော်
၂. အမည်မသိ

## ပြည်သူပိုင်ပစ္စည်းဆုံးရှုံးမှု

အကြမ်းဖက် စစ်ကောင်စီတပ်များ မီးရှို့မှုကြောင့် မုံလှရွာတွင် အိမ်ခြေ(၁၀၀) မီးလောင်ပျက်စီးခဲ့ရပြီး၊ မြင်းဒေါင်းရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း နှင့် နေအိမ်၊ ဈေးဆိုင်ခန်း စုစုပေါင်း (၃၉)လုံး မီးရှို့ဖျက်ဆီးခံခဲ့ရသည်။




စုစုပေါင်း မီးရှို့ခံရသော အဆောက်အဦး (၁၃၉)လုံး




စုစုပေါင်း သေဆုံးသူ (၁၇) ဦး

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အတွင်းရှိ မုံလှကျေးရွာနှင့် မြင်းဒေါင်းကျေးရွာတို့ လေကြောင်း၊ ကြည်းကြောင်းဖြင့် တိုက်ခိုက်ခံခဲ့ရသည့် ဖြစ်စဉ်။

တပ်မ(၃၃)စစ်ကြောင်းသည် ခင်ဦးမြို့နယ်၊ မုံလှရွာအတွင်းသို့ ဝင်ရောက်လာစဉ် မိုင်းဆွဲ တိုက်ခိုက်ခံရမှုကြောင့် လေကြောင်း၊ ကြည်းကြောင်း နှစ်မျိုးလုံးသုံး၍ ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည့်အပြင် ကျေးရွာများလည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

---

## နိုဝင်ဘာ ၂၃၊ ၂၀၂၂။

မုံလှရွာအတွင်း စစ်ကောင်စီတပ်ဖွဲ့ တပ်မ(၃၃)လက်အောက်ခံ အင်အား (၁၀၀)ဝန်းကျင်ခန့်သည် စစ်ကြောင်းထိုး ဝင်ရောက်လာခဲ့ပြီး၊ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက် လေကြောင်းပစ်ခတ်မှု (၁၉) ကြိမ်ပြုလုပ်ခဲ့သည်။
လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင် (၆)ဦးသေဆုံးခဲ့ပြီး၊ ပိတ်မိနေသည့်တပ်ဖွဲ့ဝင် အချို့မှာ ဖမ်းဆီးခံရပြီးမှ သတ်ဖြတ်ခံခဲ့ရသည်။ ထို့အပြင် မောင်ဇွဲထက်မြင့် (၉ နှစ်)သည် ဆီးခုံအစပ်ကို ကျည်ထိမှန်ပြီး သေဆုံးခဲ့သည်။
စစ်ကြောင်းထိုးဝင်ရောက်၍ ပစ်ခတ်မှုကြောင့် ဒေါ်မြ (၅၂ နှစ်)သည် ဘယ်ဘက်ရင်အုံကို စက်သေနတ်ကျည်ထိမှန်၍ သေဆုံးခဲ့သည်။
အခြားရွာဘက်မှ စစ်ကြောင်းထိုးဝင်လာသည့် စစ်ကြောင်းလမ်းကြောင်းရှိ ကံသာယာရွာနှင့် ရွှေယမင်းရွာရှိ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်(၄)ဦးသည်လည်း ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရသည်။
လေကြောင်းပစ်ခတ်မှုအတွင်း ရွှေစည်းခုံရင်ပြင်စေတီ၊ တောင်ပြင်ကျောင်းတိုက်၊ ကျေးရွာ အထက စာသင်ကျောင်းတို့ကို ပစ်မှတ်ထား တိုက်ခိုက်မှုလည်း ပြုလုပ်ခဲ့သည်။
ထို့နောက် မြေပြင်မှ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်းရှိ နေရာ (၅)နေရာကို ခွဲကာ မီးရှို့ခဲ့သည်။

---

## နိုဝင်ဘာ ၂၄၊ ၂၀၂၂။

အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် မုံလှရွာအတွင်း မီးရှို့ဖျက်ဆီးပြီးနောက် မုံလှရွာနှင့်အနီး သာဝတ္တိရွာတွင် စခန်းချခဲ့ကြသည်။
မုံလှရွာအတွင်းမှ စစ်ကောင်စီတပ်နှင့် ရေဦးမြို့အခြေစိုက်တပ်တို့ ပေါင်းပြီးနောက် မြင်းဒေါင်းရွာသို့ စစ်ကြောင်းဖြင့် ထပ်မံ ဝင်ရောက်ခဲ့သည်။ ကျေးရွာအတွင်း ကျန်ရစ်ခဲ့သည့် ဒေသခံပြည်သူများသည် ထွက်ပြေးမရသည့်အတွက် ကျေးရွာအတွင်း ပုန်းအောင်း နေကြစဉ် ဒေသခံပြည်သူ (၅)ဦးအဖမ်းခံခဲ့ရသည်။
ဖမ်းဆီးခံရသည့် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးဇော် (၄၅ နှစ်)ကို ရိုက်သတ်ပြီး၊ ကိုနေစိုး (၃၃ နှစ်)နှင့် ဦးတင်ဝင်းမြင့် (၅၅ နှစ်)တို့ကို မီးရှို့သတ်ဖြတ်ခဲ့သည်။ ဖမ်းဆီးခံရသည့် ကိုသက်လှိုင်ကျော်တို့ ညီအကိုနှစ်ဦးကို ရိုက်နှက်၊ ခြိမ်းခြောက်ပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

---

# သေဆုံးသူများ

## ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ

| စဉ် | အမည် | လိင် | အသက် | ရက်စွဲ | မိသားစု | နေရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | မောင်ဖိုးစည်အောင် | ကျား | ၁၇ | ၂၃-၁၁-၂၂ | - | ကံသာယာရွာ | - |
| ၂ | ကိုဝိုင်းချစ် | ကျား | ၁၈ | ၂၃-၁၁-၂၂ | - | ကံသစ်ရွာ | - |
| ၃ | ကိုတိုးတိုး | ကျား | ၂၀ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၄ | ကိုချစ်ထူး | ကျား | ၂၂ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၅ | ကိုအနိုင် | ကျား | ၂၃ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၆ | ကိုအောင်အောင်ဦး | ကျား | ၂၃ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၇ | ကိုလှိုင်ဝင်း | ကျား | ၂၄ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၈ | ကိုရဲ | ကျား | ၂၅ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၉ | ကိုထွန်းထွန်းဝင်း | ကျား | ၂၇ | ၂၃-၁၁-၂၂ | - | ရွှေယမင်းရွာ | - |
| ၁၀ | ကိုကုလားကြီး | ကျား | ၃၅ | ၂၃-၁၁-၂၂ | - | ရွှေယမင်းရွာ | - |

# သေဆုံးသူများ

## ဒေသခံ ပြည်သူများ

| စဉ် | အမည် | လိင် | အသက် | ရက်စွဲ | မိသားစု | နေရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | မောင်ဖွဲ့ထက်မြင့် | ကျား | ၉ | ၂၁-၁၁-၂၂ | - | မုံလှရွာ | - |
| ၂ | မောင်ရဲရင့်အောင် | ကျား | ၁၄ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၃ | ကိုနေစိုး | ကျား | ၃၃ | ၂၃-၁၁-၂၂ | - | မုံလှရွာ | - |
| ၄ | ကိုဖိုးတောက် | ကျား | ၃၅ | ၂၃-၁၁-၂၂ | - | ကံသာယာရွာ | - |
| ၅ | ဦးဇော် | ကျား | ၄၅ | ၂၅-၁၁-၂၂ | - | မြင်းဒေါင်းရွာ | - |
| ၆ | ဒေါ်မြ | မ | ၅၂ | ၂၅-၁၁-၂၂ | - | မြင်းဒေါင်းရွာ | - |
| ၇ | ဦးတင်ဝင်းမြင့် | ကျား | ၅၅ | ၂၅-၁၁-၂၂ | - | မြင်းဒေါင်းရွာ | - |

# ဖမ်းဆီးခံရသူများ

| စဉ် | အမည် | လိင် | အသက် | ရက်စွဲ | မိသားစု | နေရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကိုသက်လှိုင်ကျော် | ကျား | - | ၂၅-၁၁-၂၂ | - | မြင်းဒေါင်းရွာ | - |
| ၂ | အမည်မသိရ | ကျား | - | ၂၅-၁၁-၂၂ | ကိုသက်လှိုင်ကျော်၏ ညီ/အကို | မြင်းဒေါင်းရွာ | - |




ပုံ(၁) – သေဆုံးခဲ့ရသည့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး။

ပုံ(၂) – သေဆုံးခဲ့ရသည့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး။





ပုံ(၃) – သေဆုံးခဲ့ရသည့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး။



ပုံ(၄) – သေဆုံးခဲ့ရသည့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး။



ပုံ(၅) – သေဆုံးခဲ့ရသည့် ဒေသခံ
ကာကွယ်ရေးတပ်ဖွဲ့ဝင်များ။



ပုံ(၆) – သေဆုံးခဲ့ရသည့် ဒေသခံ
ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး။



ပုံ(၇) – မုံလှရွာတွင်းမီးရှို့ခံထားရသည့် နေအိမ်
တစ်လုံး။



ပုံ(၈) – လေကြောင်းတိုက်ခိုက်မှုကြောင့်
ပျက်ဆီးခဲ့ရသော အထက စာသင်ကျောင်း။




ပုံ(၉) – မုံလှရွာအတွင်း စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးခဲ့၍ ပျက်စီးဆုံးရှုံးမှုများ။




ပုံ(၁၁) – မုံလှရွာအတွင်း စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးခဲ့၍ ပျက်စီးဆုံးရှုံးမှုများ။




ပုံ(၁၀) – လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်ဆီးခဲ့ရသော ရွှေစည်းခုံရင်ပြင်စေတီ။



ပုံ(၁၂) – လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်ဆီးခဲ့ရသော တောင်ပြင်ကျောင်းတိုက်။